CRITICAL ECOSYSTEM PARTNERSHIP FUND

IUCN

# အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသများ (Indo-Burma Hotspot) ထိန်းသိမ်းရန် စီမံကိန်းအဆိုပြုလွှာများ ခေါ်ယူခြင်း

**အဆိုပြုလွှာခေါ်ဆိုသည့်ရက် -** ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်၊

**အဆိုပြုလွှာပိတ်ရက် -** ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက်၊

**ပေးအပ်မည့်ရန်ပုံငွေပမာဏ -** **အသေးစားရန်ပုံငွေ** (အမေရိကန်ဒေါ်လာ ၄ သောင်းနှင့်အောက်)

**အကြီးစားရန်ပုံငွေ** (အမေရိကန်ဒေါ်လာ ၄ သောင်း - ၂ သိန်းခွဲ)

**လျှောက်ထားနိုင်သည့်နိုင်ငံ - မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်**

**လျှောက်ထားနိုင်သည့်ဘာသာစကား - မြန်မာ၊ အင်္ဂလိပ်**

**လျှောက်ထားရမည့် နည်းဗျူဟာလမ်းညွှန်ချက် -** ၁ ၊ ၂ နှင့် ၈.၃

The Critical Ecosystem Partnership Fund (CEPF) and the International Union for Conservation of Nature (IUCN) တို့သည် **အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသများ** ထိန်းသိမ်းရန် စီမံကိန်းအဆိုပြုလွှာများ အတွက်ချမှတ်ထားသော စံချိန်စံညွှန်းများနှင့် အညီ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံအဖွဲ့များ၊ ဌာနေတိုင်းရင်းသား အဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့များ၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် လူမှုအဖွဲ့အစည်းများမှ စီမံကိန်းအဆိုပြုလွှာများကို လက်ခံလျက်ရှိပါသည်

The Critical Ecosystem Partnership Fund (CEPF) သည် ကမ္ဘာပေါ်ရှိ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသောနေရာများနှင့် မျိုးသုန်းပျောက်ကွယ်နိုင်သည့် အခြေအနေသို့ ရောက်ရှိနိုင်သည့်နေရာများကို ထိန်းသိမ်းကာကွယ်ရန် အစီအစဉ်ရေးဆွဲဆောင်ရွက်လျှက် ရှိပါသည်။ CEPF သည် l'Agence Française de Développement ၊ Conservation International ၊ The European Union ၊ Global Environment Facility ၊ Government of Japan နှင့် World Bank တို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ် တစ်ခုဖြစ်ပါသည်။ အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသအတွက် Margaret A. Cargill Philanthropies မှလည်း ထောက်ပံ့ပေးပါသည်။ အခြေခံအကျဆုံးသောပန်းတိုင်မှာ လူမှုအဖွဲ့အစည်းများမှ ဇီဝမျိုးကွဲ ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လာစေရန် ရည်ရွယ်ထားပါသည်။

ဤအင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသသည် ကမ္ဘောဒီးယား ၊ လာအို ၊ မြန်မာ ၊ ထိုင်း ၊ ဗီယက်နမ် နိုင်ငံတို့နှင့် တရုတ်နိုင်ငံတောင်ပိုင်းတို့ရှိ အင်ဒိုမလေးယားမှ အပ ကျန်ဒေသများကို ကိုယ်စားပြု ထားခြင်းဖြစ်ပါသည်။ ယခုခေါ်ဆိုသော စီမံကိန်း အဆိုပြုလွှာသည် ဆက်လက်ဖော်ပြထားသည့် ဦးစားပေးရင်းနှီးမြှုပ်နှံမှု စာရင်းကိုအကောင်အထည်ဖော်မည့် စီမံကိန်းများအတွက်သာဖြစ်သည်။ CEPF မှ ၂၀၂၁ နှင့် ၂၀၂၂ နှစ်များတွင် နောက်ထပ် ဦးစားပေးရင်းနှီးမြှုပ်နှံမှု

အစီအစဉ်များကို ထပ်မံဖြည့်စွက်၍ စီမံကိန်းအဆိုပြုလွှာများခေါ်ယူရန်လည်း မျှော်မှန်းထားပါသည်။ စီမံကိန်းအဆိုပြုလွှာများခေါ်ယူပါက CEPF ၏ ဝက်ဆိုဒ်နှင့် စာစောင်များမှလည်း ကြေညာပေးမည်ဖြစ်ပါသည်။

အဆိုပြုစီမံကိန်းများရွေးချယ်ရာတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများဖြစ်သည့် (၁) ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့်နည်းဗျူဟာနှင့် အနီးစပ်ဆုံးကိုက်ညီမှုရှိသည့် စီမံကိန်းများ (၂) အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သည့်ကဏ္ဍကိုဦးစားပေးပြီး သတ်မှတ်ဖော်ပြထားသည့် ရည်ရွယ်ချက်များနှင့် ထာဝစဉ်တည်တံ့စေသော ထိန်းသိမ်းကာကွယ်ခြင်းကို အပြည့်အဝ ထောက်ပံ့ပေးနိုင်မည့် စီမံကိန်းများ (၃) ယခင် အစပျိုးဆောင်ရွက်ခဲ့သော လုပ်ငန်းများကို ဆက်လက်အထောက်အကူပြုစေမည့် စီမံကိန်းများ (၄) ငွေများကို အကျိုးရှိစွာဖြင့် တန်ဖိုးထားဆောင်ရွက်မည့် စီမံကိန်းများ (၅) စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သော လုပ်ငန်းအတွေ့နှင့် အဖွဲ့အစည်း၏ ဆောင်ရွက်နိုင်သော စွမ်းရည်ဖော်ပြနိုင်မှု စသည့်တို့ကို ဦးစားပေးထည့်သွင်းစဉ်းစား သွားမည်ဖြစ်သည်။ CEPFသည် ယခင်ခေါ်ယူသည့် အကြိမ်များတွင် CEPF ၏ စီမံကိန်းအထောက်အပံ့ရထားသူများ သာမက မရရှိဘူးသေးသောအဖွဲ့များ ထံမှပါ အဆိုပြုလွှာများကို ဖိတ်ခေါ်အပ်ပါသည်။

လျှောက်ထားသူများအနေဖြင့် CEPF ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမဟာဗျူဟာ (CEPF Investment Strategy) [ မြန်မာဘာသာပြန် အနှစ်ချုပ်ကို (https://www.cepf.net/sites/default/files/ep_indoburma_2020_update_final-sm_0.pdf) ကောင်းစွာ ရင်းနှီးကျွမ်းဝင်သိရှိထားနိုင်ရန် တိုက်တွန်းပါသည်။ ထို့ပြင် မေးမြန်းလိုသည်များ၊ စီမံကိန်းဆိုင်ရာအတွေးအခေါ် အယူအဆများကို ဆွေးနွေးလိုပါက Indo-Burma Regional Implementation Team (RIT) ထံ အီးမေးလ် CEPF-Indoburma@iucn.org သို့ ပေးပို့၍ မေးမြန်းဆွေးနွေးနိုင်ပါသည်။ ထို့အပြင် စီမံကိန်းအဆိုပြုလွှာ မလျှောက်မီ (https://www.cepf.net/grants/before-you-apply) ၊ စီမံကိန်းအဆိုပြုလွှာလျှောက်တင်ရမည့် ပုံစံများ (https://www.cepf.net/grants/how-to-apply) နှင့် မည့်သည့်အကြောင်းအရာများအဖွဲ့အစည်းများမှ စီမံကိန်းအဆိုပြုလွှာတင်းသွင်းရန် အကြုံးဝင်ကြောင်း (https://www.cepf.net/grants/eligibility) သိရှိနိုင်ရန် CEPF ၏ ဝက်ဆိုဒ်သို့လည်း သွားရောက်လေ့လာရန် တိုက်တွန်းအပ်ပါသည်။

## <u>ဤအဆိုပြုလွှာခေါ်ယူခြင်းတွင် ခွင့်ပြုမည့် နည်းဗျူဟာလမ်းညွှန်ချက် (Strategic Direction) များ</u>

**<u>နည်းဗျူဟာလမ်းညွှန်ချက် (၁)</u> -** ကမ္ဘာပေါ်ရှိမျိုးသုန်းပျောက်ကွယ်ရန် အန္တရာယ်ရှိသည့် မျိုးစိတ်များ၏ လုံခြုံရေးအတွက် အဓိကခြိမ်းခြောက်မှုများ လျော့ချခြင်း။

*မှတ်ချက် - စီမံကိန်းများသည် Ecosystem Profile or on Ailao toad (*Bufo ailaoanus*)၏ ဇယား ၂၈ တွင်ဖော်ပြထားသည့်* ဦးစားပေးမျိုးစိတ်များ စာရင်းထဲမှ တစ်ခု (သို့) တစ်ခုထက်ပို ဦးတည်ရမည်ဖြစ်ပြီး၊ သို့မှသာ CEPF ၏ ရင်းနှီးမြှုပ်နှံမှုနှင့် အကြုံးဝင်မည်ဖြစ်ပြီးထိုမှတဆင့် *IUCN Red List ၏ ကမ္ဘာ့အဆင့် ခြိမ်းခြောက်မှုအခြေအနေအား ပြန်လည်သုံးသပ်နိုင်ရန်ဖြစ်သည်။*

အောက်ဖော်ပြပါ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော ဦးစားပေးအစီအစဉ်များ လုပ်ကိုင်ဆောင်ရွက်မည့် အဆိုပြုလွှာများကို တင်သွင်းရန် CEPF နှင့် IUCN တို့မှ ဖိတ်ခေါ်ပါသည်။

၁.၁။ ဦးစားပေးကာကွယ်ရမည့်မျိုးစိတ်များ၏ အဓိကအုပ်စုများအား ရေရှည်ထိန်းသိမ်းနိုင်မည့် အစီအစဉ်များ ချမှတ်ခြင်း။

၁.၂။ အလားအလာရှိသော ဦးစားပေးထိန်းသိမ်းရမည် မျိုးစိတ်များအား သဘာဝအခြေအနေတွင် ဦးရေတိုးပွား လာနိုင်ရေးအတွက် ကမ္ဘာ့ စံချိန်စံညွှန်းများနှင့် အညီ ပြန်လည် ထူထောင်ခြင်း။

၁.၃။ ကမ္ဘာပေါ်ရှိမျိုးသုန်းပျောက်ကွယ်ရန် အန္တရာယ်ရှိသည့် မျိုးစိတ်များအား၏ လက်ရှိအခြေအနေ နှင့် ပျံ့နှံ့မှုများအား ပိုမိုသိရှိရန်နားလည်ရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း ။

၁.၄။ မျိုးစိတ်များထိန်းသိမ်းကာကွယ်ရေးအတွက် သုတေသန နှင့် ရန်ပုံရရှိနိုင်မည့် နည်းလမ်းများ တီထွင် ဖော်ထုတ် ပေးခြင်း။

၁.၅။ မျိုးစိတ်အလိုက်နားလည်တတ်ကျွမ်းသည့် ဒေသခံ ချန်ပီယံများ အား ထောက်ပံ့ပေးခြင်းဖြင့် ဦးစားပေး ထိန်းသိမ်းရမည် မျိုးစိတ်များကို ဒေသနှင့် ကိုက်ညီမည်ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်စေခြင်း။

**<u>နည်းဗျူဟာလမ်းညွှန်ချက် (၂)</u>** – တိရိစ္ဆာန်များမှတဆင့်ကူးစက်တတ်သည့် ရောဂါများဖြစ်နိုင်ချေများကို လျော့ချရေး အတွက် တောရိုင်းတိရိစ္ဆာန်များအား တရားမဝင်ကုန်သွယ်ခြင်းနှင့် စားသုံးခြင်းနှင့် ခြိမ်းခြောက်မှုများလျော့ချခြင်း။

အောက်ဖော်ပြပါ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော ဦးစားပေးအစီအစဉ်များ လုပ်ကိုင်ဆောင်ရွက်မည့် အဆိုပြုလွှာများကို တင်သွင်းရန် CEPF နှင့် IUCN တို့မှ ဖိတ်ခေါ်ပါသည်။

၂.၁။ အရေးယူဆောင်ရွက်ရသည့် အဖွဲ့များအား တောရိုင်းတိရိစ္ဆာန်များ ရောင်းဝယ် ဖောက်ကားခြင်း ကွင်းဆက်များကို ထိရောက်စွာဖော်ထုတ်နိုင်ရေးအတွက် ကမ္ဘာပေါ်ရှိ အကောင်းဆုံးသော လုပ်ကိုင်နည်းစနစ်များ နှင့် အတူ စုံစမ်းဖော်ထုတ်ခြင်း စွမ်းရည်များနှင့် သတင်းပေးပို့ခြင်းနည်းလမ်းများကို တွင်ကျယ်စွာ အသုံးပြုတတ်လာ ကူညီပေးခြင်း။

၂.၂။ အရေးယူဆောင်ရွက်ရသည့် အဖွဲ့များအချင်းချင်း တရားမဝင် တောရိုင်းတိရိစ္ဆာန်များ ရောင်းဝယ်ဖောက်ကားခြင်း တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေခြင်း နှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်သော နည်းလမ်းဖြင့် လူ၊ အပင်၊ တိရိစ္ဆာန်နှင့် ပတ်ဝန်းကျင် တို့အကြားအပြန်အလှန်အကျိုး ပြုခြင်းဖြင့် ကောင်းမွန်သော ကျန်းမာရေး ရရှိစေရန် (One Hetalth Approach) ပေါင်းစပ်ညှိနိုင်းပေးခြင်း။

၂.၃။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများနှင့် ချိတ်ဆက်ကာ တရားမဝင်တောရိုင်းတိရိစ္ဆာန် ရောင်းဝယ်ဖောက်ကား မှုကို လျော့ချရန်။

၂.၄။ သတ်မှတ်ထားသည့် စည်းရုံးလှုံ့ဆော်မှုများ ကိုဆောင်ရွက်ခြင်းဖြင့် တောရိုင်းတိရိစ္ဆာန်များ အား ရယူလိုမှုများ လျော့ချပြီး ပြည်သူများမှ များပူးပေါင်းပါဝင်ကာ တောရိုင်းတိရိစ္ဆာန်များနှင့် ပတ်သက်သည့် အမှုများကို စုံစမ်းဖော်ထုတ်ခြင်းနှင့် သတင်းပေးခြင်။

၂.၅။ လူသားတို့၏ကျန်းမာရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆက်စပ်မှုများကို လည်းကောင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်း နှင့် တိရိစ္ဆာန်များမှ တဆင့်ကူးစက်ရောဂါ ဖြစ်ပေါ်ရခြင်း ချိတ်ဆက်မှုများကို ပိုမို သိရှိစေနိုင်မည့် လုပ်ငန်းများကို ကူညီပေးခြင်းနှင့် နားလည်သဘော ပေါက်စေလာစေခြင်း။

**<u>နည်းဗျူဟာလမ်းညွှန်ချက် (၈)</u>** – ဒေသခံလူမှုအဖွဲ့အစည်း များ၏ ဇီဝမျိုးစုံမျိုးကွဲ လုပ်ငန်း၊ ဒေသခံပြည်သူများ ဆောင်ရွက်ရသည့်လုပ်ငန်းများနှင့် အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများကို အောက်ခြေအဆင့်၊ ဒေသန္တရအဆင့်၊ နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့်တို့နှင့် ပူးပေါင်းဆောင်ရွက်သည့် စွမ်းရည်ခိုင်မာ ကောင်းမွန်လာစေခြင်း။

အောက်ဖော်ပြပါ ဦးစားပေးအစီအစဉ်အား လုပ်ကိုင်ဆောင်ရွက်မည့် အဆိုပြုလွှာများကို တင်သွင်းရန် CEPF နှင့် IUCN တို့မှ ဖိတ်ခေါ်ပါသည်။

၈.၃။ စေတနာ့ဝန်ထမ်းများအား ဒေသခံလူမှု အဖွဲ့အစည်းများ၏ သင်တန်းကြားပို့ချသော ကိုက်ညီမည့် သင်တန်းများ တက်ရောက်နိုင်ရေး

## ထပ်ဆင့်သိရှိရမည့် သတင်းအချက်အလက်များ

ဤစီမံကိန်းအဆိုပြုလွှာ ခေါ်ယူခြင်းသည် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အင်ဒို-မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်း အဖွဲ့အစည်းများပါလျှောက်ထားနိုင်သည်။ လျှောက်ထားရာတွင် တစ်ဦးချင်း တိုက်ရိုက်လျှောက်ထားခြင်းထက် လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အဆိုပြုလွှာများရေးသားလျှောက်ထားကြရပါမည်။ မှတ်ချက်အနေဖြင့် အမှာပါးလိုသည်မှာ ဒေသခံ လူမှုစီးပွားရေး စွမ်းဆောင်ရည်မြင့်တင်ခြင်းလုပ်ငန်းများကို အဓိကထားသော လုပ်ငန်းများ (နှင့်/သို့မဟုတ်) ဒေသခံအဖွဲ့အစည်းများဦးဆောင်မှု အခန်းကဏ္ဍကို ဆောင်ရွက်မည့်လုပ်ငန်းမျိုးကို ဦးစားပေးစဉ်းစား မည်ဖြစ်သည်။

ဤ အစီအစဉ်ဖြင့်ရရှိသည့် ရန်ပုံငွေကို (၁) မြေဂယ်ယူခြင်း၊ (၂) မည်သည့် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် များကိုမှ ပြုပြင်ပြောင်းလဲခြင်း၊ ဖယ်ရှားခြင်း ( ရှေးဟောင်း အနလက်ရာများ၊ သဘာဝရုပ်ကြွင်းများ၊ သမိုင်းအမွေအနှစ် များ၊ ဘာသာရေးအမွေအနှစ်များ၊ သဘာဝအလျောက် ထူးခြားသည့်နေရာများ စသည်တို့၏ တန်ဘိုးများ ပါဝင်သည်။) ၊ (၃) ပြည်သူများကို နေရာပြောင်းရွှေ့ခြင်း၊ တနည်းနည်းဖြင့် အဓမ္မ ပြန်လည်နေရာချထားခြင်း ၊ (၄) ရန်ပုံငွေကို ရင်းနှီးမြှုပ်နှံခြင်း စသည့်တို့တွင် သုံးစွဲခွင့် မပြုပါ။ လုပ်ကိုင်ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းအားလုံးသည် CEPF ၏ လူမှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေး မူဝါဒများနှင့် ကိုက်ညီရပါမည်။ အဆိုပါမူဝါဒကို ဤနေရာတွင် ကြည့်ရှုနိုင်ပါသည်။

## အဆိုပြုလွှာတင်သွင်းနည်း

**အသေးစားရန်ပုံငွေ** (အမေရိကန်ဒေါ်လာ ၄ သောင်းနှင့်အောက်) အတွက် အဆိုပြုလွှာအား မြန်မာ၊ အင်္ဂလိပ်နှစ်ဘာဖြင့် လျှောက်လွှာပုံစံတွင်ဖြည့်သွင်းတင်သွင်းရမည်ဖြစ်သည်။ စီမံကိန်းကာလအား ခန့်မှန်းခြေအားဖြင့် ၂၀၂၁ ဇူလိုင်လ ၁ ရက်နေ့မှ စတင်၍ ၁ နှစ် မှ ၂ နှစ် သက်တမ်းစီမံကိန်းအဖြစ် ရေးဆွဲရန် အကြံပြုပါသည်။ ပြီးစုံသော လျှောက်လွှာအား email – CEPF-Indoburma@iucn.org သို့ ပေးပို့ရမည်ဖြစ်သည်။ တင်သွင်းသည့်ဖိုင်အား - *Organisation acronym_CEPF SG Call 1* ( ဥပမာ- ***IUCN_CEPF SG Call 1***) အမည်ပေးရမည်ဖြစ်သည်။ စီမံကိန်းအဆိုပြုလွှာများ လက်ခံရရှိကြောင်း ကို အီးမေးလ်ဖြင့် ပြန်ကြားပေးမည် ဖြစ်ပါသည်။ ၄င်းနောက် လျှောက်ထားသူများအား မည်သို့ ဆက်လက်ဆောင်ရွက်မည်ကို ဆက်သွယ်အသိပေးမည် ဖြစ်ပါသည်။ အဆိုပြုလွှာခေါ်ယူနေသည့်ကာလတွင် မေးမြန်းလိုသည်များ ရှိပါက CEPF-Indoburma@iucn.org သို့ ပေးပို့ မေးမြန်း နိုင်ပါသည်။

တင်သွင်းလာသည့် စီမံကိန်းအဆိုပြုလွှာအားလုံး ပထမဦးစွာ သတ်မှတ်ထားသည့် လျှောက်လည်းခွင့်ဆိုင်ရာ အကြုံးဝင်ခြင်းများနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးမည်ဖြစ်သည်။ ထို့နောက် အထက်တွင်ဖော်ပြထားသော သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိမရှိ ဆန်းစစ်မည်ဖြစ်သည်။ ထိုစစ်ဆေးချက်များနှင့် ကိုက်ညီသည့်

ပဏာမရွေးချယ်ထားသည့် အဆိုပြုလွှာများ ကို သက်ဆိုင်ရာနိုင်ငံများတွင် ဖွဲ့စည်းထားသည့် နိုင်ငံအဆင့် အကြံပေးကော်မတီ သို့တင်သွင်းပြီး အစည်းအဝေးဖြင့် ထောက်ခံချက်များရယူမည်ဖြစ်သည်။ ထို အကြံပေးကော်မတီ၏ ထောက်ခံချက်များအရ ရန်ပုံပေးခြင်းအဆင့်ကို ဆုံးဖြတ်သွားမည်ဖြစ်ပါသည်။

**အကြီးစားရန်ပုံငွေ** (အမေရိကန်ဒေါ်လာ ၄ သောင်း - ၂ သိန်းခွဲ) အတွက် အဆိုပြုလွှာများကို CEPF ၏ online ConservationGrants မှတဆင့် လျှောက်ထားရမည်ဖြစ်သည်။ ပထမဆုံးတင်သွင်းမည့်အဖွဲ့များအနေဖြင့် account တစ်ခုဖွင့်ပြီး register လုပ်ရမည်ဖြစ်သည်။ အကယ်၍ နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများရှိပါက conservationgrants@conservation.org ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပထမအဆင့်အနေဖြင့် online Letter of Inquiry ကို အင်္ဂလိပ်ဘာသာဖြင့် တင်သွင်းရမည်ဖြစ်သည်။ စီမံကိန်းကာလအား ခန့်မှန်းခြေအားဖြင့် ၂၀၂၁ ဇူလိုင်လ ၁ ရက်နေ့မှ စတင်၍ ၁ နှစ် မှ ၃ နှစ် သက်တမ်းစီမံကိန်းအဖြစ် ရေးဆွဲရန် အကြံပြုပါသည်။ အကြုံးဝင်သော အဆိုပြုလွှာများအား CEPF Secretariat နှင့် IUCN တို့မှ အထက်တွင်ဖော်ပြထားသော သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိမရှိ ဆန်းစစ်မည်ဖြစ်သည်။ ပဏာမရွေးချယ်ထားသည့် လျှောက်ထားသူများအား မိမိတို့၏ စီမံကိန်းအကြောင်းအား ဆန်းစစ်သည့် ကော်မတီသို့ တင်ပြရန် ဖိတ်ခေါ်မည်ဖြစ်သည်။ ထို့နောက် လျှောက်ထားသူများအား ဆက်လက်၍ စီမံကိန်းအဆိုပြုလွှာအပြည့်အစုံ ရေးရမည့် အဆင့်ကို ဖိတ်ခေါ်ခြင်းခံရခြင်း ရှိမရှိကို အကြောင်းကြားသွားမည်ဖြစ်သည်။

စီမံကိန်းအဆိုပြုလွှာအပြည့်အစုံ ရေးဆွဲရမည့် အသေးစိတ် လမ်းညွှန်ချက်များကို ရွေးချယ်ခံရသည့်အဖွဲ့အား ဖိတ်ခေါ်စာနှင့် အတူပေးပို့မည်ဖြစ်ပါသည်။ ရွေးချယ်ခံရသည့်အဖွဲ့သည် online မှတဆင့် အဆိုပြုလွှာ အပြည့်အစုံ ရေးဆွဲနိုင်ရန် အချိန် (၆) ပတ် ရရှိမည်ဖြစ်သည်။ ထိုအချိန်ကာလအတွင်း ရွေးချယ်ခံရသည့်အဖွဲ့အား အဆိုပြုလွှာ ရေးဆွဲခြင်း ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်လည်းဖိတ်ခေါ်သွားမည်ဖြစ်သည်။ ထို့အတွက် အဆိုပြုလွှာအား CEPF Secretariat နှင့် IUCN ဝန်ထမ်းများနှင့် အတူ ပူးပေါင်းရေးဆွဲနိုင်မည့် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ပါသည်။

အဆိုပြုလွှာများကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ **(၅)** ရက်၊ **မွန်းလွဲ ၄း၃၀ မတိုင်ခင်** နောက်ဆုံးထား၍ ပေးပို့ရပါမည်။

သတ်မှတ်ချိန်ကျော်လွန်မှ ရောက်ရှိလာသော အဆိုပြုလွှာများကို ငြင်းပယ်မည်ဖြစ်ပါသည်။ စီမံကိန်းအဆိုပြုလွှာများ လက်ခံရရှိကြောင်းအီးမေးလ်ကို အဆိုပြုလွှာတင်သွင်းပြီးပါက ပြန်ရမည်ဖြစ်သည်။ သိလိုသည်များကို မေးမြန်း ထားခြင်း အပေါ် ပြန်လည်ဖြေကြားထားသည်များကို (အင်္ဂလိပ်ဘာသာဖြင့်) ဤနေရာ တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။


**ထပ်မံသိရှိလိုသည်များနှင့် လိုအပ်သည့်အကူအညီများရှိပါက အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါသည်။**

CEPF Regional Implementation Team, IUCN Asia Regional Office,

63 Sukhumvit Soi 39, Wattana, Bangkok 10110, Thailand

Email: CEPF-Indoburma@iucn.org

Tel: +66 2 662 4029; Fax: +66 2 662 4389